
Fact Sheet - Burmese

# ခန္ဓာကိုယ်အတွင်း မြှုပ်နှံသည့် ပဋိသန္ဓေ တားသည့် ပစ္စည်း

# The Contraceptive Implant

## ခန္ဓာကိုယ်အတွင်း မြှုပ်နှံသည့် ပဋိသန္ဓေတားသည့် ပစ္စည်း (The Contraceptive Implant) ဆိုတာဘာလဲ။



ဩစတြေးလျားနိုင်ငံတွင် ရနိုင်သည့် ခန္ဓာကိုယ်အတွင်း မြှုပ်နှံသည့် တစ်မျိုးတည်းသော ပဋိသန္ဓေ တားသည့် ပစ္စည်းမှာ Implanon NXT® အင်ပလာနော်န် ဟုခေါ် ပါသည်။ ၎င်းတွင် ပရိုဂျက်စတိုဂျင် ဟုခေါ်သော ဟော်မုန်းပါသည့် ပလတ်စတစ်အချောင်းငယ် ဖြစ်ပြီး ဟော်မုန်းကို သင်ကိုယ်ဝန် မရစေရန် ဖြေးဖြေးချင်း လွှတ်ပေးသည်။ ထိုပစ္စည်းကို သင့်လက်မောင်းအတွင်း အရေပြားအောက်တွင် မြှုပ်နှံသည်။ ၎င်းကို ၃ နှစ်ကြာထားသည်။ သို့သော် သင် ဖယ်လိုပါက စောစောဖယ်ရှားနိုင်ပါသည်။

## ၎င်းက မည်မျှ ထိရောက်မှု ရှိသလဲ။

၎င်းမှာ အလွန်ထိရောက်သော ပဋိသန္ဓေ တားနည်း (၉၉.၉% ကျော် ထိရောက်မှုရှိသည်) ဖြစ်သည်။ အချို့သော ဆေးများက ဤမြှုပ်နှံပစ္စည်း၏ အာနိသင်ကို လျော့နည်းစေသည့်အတွက် အကယ်၍ သင်သည် အခြားသောဆေးများကို သောက်သုံးနေပါက သင့်ဆရာဝန် သို့မဟုတ် သူနာပြုအား ပြောပြရန် အရေးကြီးပါသည်။

## ပဋိသန္ဓေတားသည့် မြှုပ်နှံပစ္စည်းကို မည်သူတွေက အသုံးပြုနိုင်သလဲ။

အမျိုးသမီး အများစုသည် ပဋိသန္ဓေတားသည့် မြှုပ်နှံပစ္စည်းကို အသုံးပြုနိုင်ပါသည်။ ၎င်းသည် ပဋိသန္ဓေတားဆေး နေ့စဉ် သောက်ရန် သတိမရတတ်သူ အမျိုးသမီးများအတွက် သင့်လျော်ပါသည်။ ရေရှည် ပဋိသန္ဓေတားလိုသူ အမျိုးသမီးများအတွက် ကောင်းမွန်သည် သူတို့လိုအပ်ပါကလည်း ပြန်ဖယ်ရှားနိုင်ပါသည်။ ဤတားဆေးကို နို့တိုက်နေသော ကလေးမိခင်များအပါအဝင် ကလေးမွေးပြီးပြီးခြင်းလည်း မြှုပ်နှံနိုင်ပါသည်။

## ပဋိသန္ဓေတားသည့် မြှုပ်နှံပစ္စည်းကို မည်သူတွေ အသုံးမပြုနိုင်သလဲ။

သင့်မှာ ရင်သားကင်ဆာ သို့မဟုတ် အချို့သော အသည်းရောဂါများ ရှိနေပါက ပဋိသန္ဓေတားသည့် မြှုပ်နှံပစ္စည်းကို မသုံးသင့်ပါ။ အကယ်၍ သင်သည် အမာရွတ် ကြီးထွားပြီး အဖု ဖြစ်လာတတ်လျှင်၊ သင့်အရေပြားအောက်တွင် ဘာမျှ မရှိစေလိုလျှင်၊ သို့မဟုတ် မီးယပ်သွေးများ ပုံမှန် မဆင်းသည်ကို စိတ်ပူလျှင် ပဋိသန္ဓေတားသည့် မြှုပ်နှံပစ္စည်းသည် သင်နှင့် မသင့်လျော်ပါ။

## ဘေးထွက် ဆိုးကျိုးများ ရှိသလား။

အချို့အမျိုးသမီးများမှာ အချိန်ကြာစွာ သွေးဆင်းတတ်ပါသည်။ သူတို့မီးယပ်သွေးများ လုံးဝ ရပ်နိုင်သည်။ အခြားသော ဘေးထွက်ဆိုးကျိုးများမှာ ဖြစ်ခဲသော်လည်း အချို့အမျိုးသမီးများမှာ ခေါင်းကိုက်ခြင်း၊ စိတ်ပြောင်းအလဲမြန်ခြင်း သို့မဟုတ် ရင်သား နာကျင်ခြင်းတို့ ဖြစ်တတ်ပါသည်။

## ပဋိသန္ဓေတားသည့် မြှုပ်နှံ ပစ္စည်းကို မည်ကဲ့သို့ ထည့်သွင်းသလဲ။

ဆရာဝန်က သင့် လက်မောင်းအပေါ်ပိုင်းတွင် အမှတ်အသားငယ်တစ်ခု မှတ်လိုက်သည်။ သူတို့က အရေပြားကို ရောဂါ ပိုးသတ်ဆေးဖြင့် သန့်ရှင်းရေး ပြုလုပ်သည်၊ ထို့နောက် တားဆေးမြှုပ်နှံရာတွင် မနာကျင်စေရန် ထုံဆေးအနည်းငယ် ထိုးသဖြင့် စစ်ကနဲ နာနိုင်သည်။ ထို့နောက် တားဆေးကို အရေပြားအောက်တွင် မြှုပ်နှံ ပြီး ပတ်တီးပတ်ပေးသည်။ ပတ်တီးကို ၂၄ နာရီကြာ ပတ်ထားရမည်။ ပဋိသန္ဓေ တားသည့်ဆေး မြှုပ်နှံသည့်နေရာ တစ်ဝိုက်တွင် အညိုအမဲစွဲခြင်းနှင့် နာကျင်ခြင်း ဖြစ်နိုင်ပြီး ၎င်းတို့သည် တစ်ပါတ်ခန့် ရှိနေနိုင်ပါသည်။

## ပဋိသန္ဓေတားသည့် မြှုပ်နှံ ပစ္စည်းကို မည်ကဲ့သို့ ဖယ်ရှားသလဲ။

ဆရာဝန်က တားဆေး မြှုပ်နှံသည့် နေရာ အဆုံး၏ အောက်နားတွင် ထုံဆေး အနည်းငယ်ထိုးပြီး အရေပြားပေါ်တွင် ဓားဖြတ်ရာ ခပ်ငယ်ငယ် ပေးသည်။ မြှုပ်နှံထားသည့် တားဆေးကို ဓားဖြတ်ရာမှတဆင့် တွန်းထုတ်သည်၊ သို့မဟုတ် ကိရိယာ အသေးတစ်ခုကို သုံးပြီး ဆွဲထုတ်သည်။ မြှုပ်နှံထားသည့် တားဆေးကို ဖယ်ရှားလျှင် ပဋိသန္ဓေတားသည့် အာနိသင်သည် လျှင်မြန်စွာ ပျက်ပြယ်သည်။ အမျိုးသမီး အများစုသည် တစ်လအတွင်း ဓမ္မတာပုံမှန် ပြန်လာသည်။ မြှုပ်နှံတားဆေးကို သုံးနှစ်အကြာတွင် ဖယ်ရှားရမည်။ တစ်ခု ဖယ်ရှားပြီးသည်နှင့် တပြိုင်နက် နောက်တစ်ခု မြှုပ်နှံ နိုင်ပါသည်။

## ပဋိသန္ဓေတားသည့် မြှုပ်နှံ ပစ္စည်းကို ဘယ်မှာ ရနိုင်မည်လဲ။

သင်သည် ပဋိသန္ဓေတားသည့် မြှုပ်နှံပစ္စည်းအတွက် ဆေးစာရနိုင်ရန် ဆရာဝန်နှင့် တွေ့ရန် လိုအပ်ပါသည်။ ဆရာဝန်အများစုက သင့် ပထမဆုံးအခေါက်တွင် ထိုအကြောင်းကို ဆွေးနွေးပြီး နောက်အခေါက်တွင် မြှုပ်နှံပေးရန် လာခိုင်းမည်။ သင့်အနေနှင့် ပဋိသန္ဓေတားသည့် ပစ္စည်းကို သားသမီးအရေအတွက် ထိန်းချုပ်မှုဆိုင်ရာ ဆေးခန်း သို့မဟုတ် ရပ်ကွက်အတွင်းမှ ဆရာဝန် သို့မဟုတ် မြှုပ်နှံခြင်းအတွက် လေ့ကျင့်သင်ကြားထားသည့် သူနာပြုတို့ဖြင့် မြှုပ်နှံနိုင်ပါသည်။

## ပိုမိုသိကောင်းစရာများ

- နယူးဆောက်ဝေးပြည်နယ် သားသမီးအရေအတွက် ထိန်းချုပ်မှုဆိုင်ရာဌာန၏ ဆက်သွယ်ရန်ဖုန်း (Family Planning NSW Talkline) ကို 1300 658 886 တွင် ဆက်သွယ်ပါ၊ သို့မဟုတ် www.fpnsw.org.au/talkline တွင်ကြည့်ပါ။
- NRS (နားမကြားသူများအတွက်) 133 677
- သို့မဟုတ် သင်နှင့် အနီးဆုံး သားသမီးအရေအတွက် ထိန်းချုပ်မှုဆိုင်ရာဆေးခန်း (Family Planning Clinic) ကို ဆက်သွယ်ပါ၊




ဤစာစောင်များတွင် ပါဝင်သော သိကောင်းစရာ အချက်အလက်များကို ပညာပေးရေးအတွက်သာ ပြုစုပေးထားပါသည်။ FNPNSW ဤစာစောင်ထုတ်ဝေသည့် အချိန်တွင် အချက်အလက်များသည် တိကျမှန်ကန်ရန်၎င်း၊ အချိန်နှင့် တပြေးညီဖြစ်ရန်၎င်း သေချာစွာ ပြုလုပ်ထားပါသည်။ မိမိတို့၏ မျိုးပွားရေးဆိုင်ရာ ကျန်းမာရေးကိုင်း၊ ကာမဆက်ဆံရေးဆိုင်ရာ ကျန်းမာရေးကိုင်း စိတ်ပူပန်မှုရှိကြသူ မည်သူမဆို မိမိတို့၏ ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုပေးသူထံမှ အကြံဉာဏ်နှင့် အကူအညီရယူရန် သို့မဟုတ် သားသမီးအရေအတွက် ထိန်းချုပ်မှုဆိုင်ရာ ဆေးခန်းသို့ သွားရောက်ရန် တိုက်တွန်းအပ်ပါသည်။
ပြန်လည် စိစစ်ခြင်း၂၀၁၄ ဇူလိုင်လ | FPNSW 06/14

Fact Sheet - English

# THE CONTRACEPTIVE IMPLANT

## What Is The Contraceptive Implant?

The only contraceptive implant available in Australia is called Implanon NXT®. It is a small plastic rod that contains a hormone, called a progestogen, which is slowly released to prevent you from getting pregnant. The implant is inserted just under the skin on the inside of your upper arm. It is left in place for 3 years but can be removed earlier if you choose.



## How Well Does It Work?

It is a very effective method of preventing a pregnancy (more than 99.9% effective). Some medications can make the implant less effective; so it is important to tell your doctor or nurse if you are taking other medications.

## Who Can Use An Implant?

Most women can use an implant. It is good for women who find it hard to remember to take a pill every day. Women who want long-term birth control that works well, but can be reversed quickly can find it suits them. It can be inserted immediately after giving birth, including in women who are breastfeeding.

## Who Should Not Use An Implant?

You should not use an implant if you have had breast cancer or have certain liver problems. The implant may not suit you if you are prone to thickened (keloid) scarring, if you don't want to have something under your skin, or if you are worried about having irregular periods.

## Are There Any Side Effects?

Some women get irregular or prolonged bleeding. Their periods may stop completely. Other side effects are rare, but some women may get headaches, mood changes, or have sore breasts.

## How Is An Implant Inserted?

The doctor puts a small mark on the skin on the inside of your upper arm. They clean the skin with antiseptic, and inject a little anaesthetic, which might sting slightly, so that the insertion will not hurt. Then the implant is inserted just under the skin, and a small bandage is put on the arm. The bandage should stay in place for 24 hours. There may be some bruising and soreness around the implant that can last for up to a week.

## How Is An Implant Removed?

The doctor injects a little anaesthetic just under the end of the implant, and makes a small cut in the skin.

The end of the implant is either pushed through the tiny cut, or pulled out using a small instrument.

The contraceptive effect wears off quickly when the implant is removed. Most women have a normal period within a month. The implant must be removed after three years. A new implant can be inserted as soon as one has been removed.

## Where Can I Get A Contraceptive Implant?

You need to see a doctor to get a script for an implant. Most doctors will talk about it on your first visit and ask you to return for another visit to have it inserted. You can have an implant inserted at a Family Planning clinic or by a local doctor or nurse who has been trained to insert it.

## For Further Information

- Contact the Family Planning NSW Talkline on 1300 658 886 or go to www.fpnsw.org.au/talkline
- NRS (for deaf) 133 677
- Or visit your nearest Family Planning clinic



Family Planning NSW is a not-for-profit organisation funded by the NSW Ministry of Health

The information in this Fact Sheet has been provided for educational purposes only. FNPNSW has taken every care to ensure that the information is accurate and up-to-date at the time of publication. Individuals concerned about any personal reproductive or sexual health issue are encouraged to seek advice and assistance from their health care provider or visit a Family Planning Clinic.

Reviewed May 2014/FPNSW 05/14

family planning nsw
Reproductive & Sexual Health

*Reviewed: June 2014 | FPNSW 06/14*

*The information in this Factsheet has been provided for educational purposes only. Family Planning NSW has taken every care to ensure that the information is accurate and up-to-date at the time of publication. Individuals concerned about any personal reproductive or sexual health issue are encouraged to seek advice and assistance from their health care provider or visit an Family Planning NSW clinic.*